သတင်းထုတ်ပြန်ချက်

## ဆိုက်ကလုံးမုန်တိုင်းရိုက်ခတ်မှုကို အပြင်းထန်ဆုံး ခံထားရသော ဒေသများသို့ နိုင်ငံတကာထောက်ပံ့ကူညီရေး ဝန်ထမ်းများအား သွားလာခွင့်ပြုရန် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ကြိုဆိုဂုဏ်ပြုခြင်း

**ရန်ကုန်၊ ၂၀၀၈ မေ ၂၈။ ။** နိုင်ငံတကာ ထောက်ပံ့ကူညီရေး ဝန်ထမ်းများအား ခွင့်ပြုချက်ပေးလိုက်သဖြင့် နာဂစ်ဆိုက်ကလုံးမုန်တိုင်း၏ ရိုက်ခတ်မှုကို ပြင်းထန်စွာ ခံထားရသည့် ဒေသများရှိ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခြေအနေကို သိရှိနိုင်ရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)သည် အလျင်အမြန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက် ညွှန်ကြားရေးမှူး အာနူပါမာ ရာအို ဆင်း(ဂ်)က ပြောကြားလိုက်ပါသည်။

ဆိုက်ကလုံးနာဂစ်နှင့်စပ်လျဉ်းသည့် အချက်အလက်မှန်များ ရှာဖွေရန် လည်းကောင်း၊ ယမန်နေ့က ရန်ကုန်မြို့၌ ကျင်းပသော အာဆီယံနှင့်ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ရန်လည်းကောင်း ရာအို ဆင်း(ဂ်)သည် မြန်မာနိုင်ငံသို့ မေလ ၂၃ရက်မှ ၂၇ရက်နေ့အထိ ရောက်ရှိနေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ် မေလ ၂၈ရက်နေ့က ဆိုက်ကလုံးမုန်တိုင်းဆိုးရွားစွာရိုက်ခတ်ခြင်းခံထားရသော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းသို့ ရာအိုဆင်း(ဂ်) က သွားရောက်ခဲ့ပါသည်။

အဆိုပါဆိုက်ကလုံးမုန်တိုင်း၏ ရိုက်ခတ်မှုကို လူပေါင်း ၂.၄သန်းခန့် အပြင်းအထန် ခံလိုက်ရပြီး ယင်းတို့အနက်မှ ၄၀%မှာ ကလေးသူငယ်များဖြစ်ပါသည်။ အများအပြားမှာ ယခုအခါတွင် အိုးမဲ့အိမ်မဲ့များဖြစ်သွားလျက် ကိုယ်ပိုင်ပစ္စည်းဥစ္စာများဆုံးရှုံးသွားကြပြီး ဘေးဒုက္ခများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ သန့်ရှင်းစင်ကြယ် သောသောက်ရေ၊ ယင်လုံအိမ်သာ၊ သင့်တင့်သော အာဟာရနှင့် နားခိုရန် နေရာများ ရရှိရေးမှာ ကလေးသူငယ်များအတွက် လတ်တလော ဦးစားပေးရမည့် ကိစ္စများဖြစ်ပါသည်။

ထို့အပြင် ခံစားခဲ့ရသော ဘေးဒုက္ခ၏ ရိုက်ခတ်မှုဒဏ်ကို ကျော်လွှားနိုင်ပြီး ကလေးသူငယ်များ၏ ဘဝအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရန် မရှိမဖြစ်လိုအပ်သော အဆင့်တစ်ဆင့်ဖြစ်သည့် ကလေးသူငယ်များ ကျောင်းပြန်လည်တက်နိုင်ရေးမှာလည်း ယူနီဆက်၏ ဦးစားပေးကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။

"ပညာရေးအတွက်လိုအပ်တဲ့ အထောက်အပံ့ ပစ္စည်းပစ္စယတွေနဲ့ အဆောက်အအုံတွေ၊ ကလေးပျော်တဲ့ နေရာတွေကို ကျွန်မတို့ မြန်မြန်ဖန်တီးပေးနိုင်လေလေ၊ ကလေးတွေအတွက် ပိုကောင်းလေပါပဲ"ဟု ရာအို ဆင်း(ဂ်)က ဆိုပါသည်။

မြန်မာနိုင်ငံကလည်း မုန်တိုင်း၏ထိုးနှက်မှုဒဏ်ကို ခံထားရသော ဒေသတချို့မှ ကျောင်းများကို ၂၀၀၈ခုနှစ် ဇွန်လ ၂ရက်နေ့ နောက်ဆုံးထားက ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။

တနင်္ဂနွေနေ့က တက်ရောက်ခဲ့သော အာဆီယံနှင့် ကုလသမဂ္ဂညီလာခံနှင့် စပ်လျဉ်းပြီး ပြောကြားရာ တွင် အာဆီယံနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့၏ အာမခံချက်များအရ မုန်တိုင်းဒဏ်ခံထားရသော ဒေသများအား ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ သွားရောက်နိုင်ပြီး အမျိုးသမီးများနှင့်ကလေးသူငယ်များ၏ အခြေအနေကိုလည်း စေ့စေ့စပ်စပ် အကဲဖြတ်နိုင်လိမ့်မည်ဟု ယူနီဆက်က မျှော်လင့်ပါကြောင်း ရာအို ဆင်း(ဂ်)က ဆိုပါသည်။

"ကျွန်မတို့ဆီက နိုင်ငံတကာ ဝန်ထမ်းတွေအနေနဲ့ မုန်တိုင်းဒဏ်ခံထားရတဲ့ ဒေသတွေဆီ စသွားကြတာကို မြင်ရတော့ ကျွန်မ အလွန်အားရမိပါတယ်။ အကြီးတန်း အစိုးရ တာဝန်ရှိသူများနဲ့ ကျွန်မတို့ တွေ့ဆုံခဲ့ရတာတွေကို အခြေခံပြီး ပြောရမယ်ဆိုရင် သူတို့တွေကလည်း သည်မုန်တိုင်းရဲ့နောက်ကွယ်မှာပေါ်ပေါက်လာတဲ့ အကျိုးဆက်

တွေကို တတ်နိုင်သမျှ အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းသွားဖို့ သန္နိဋ္ဌာန်ချထားကြတယ်လို့ ကျွန်မ မြင်ပါတယ်။ ကျွန်မတို့ အခုအချိန်အထိ လုပ်နိုင်ခဲ့သမျှထက် အများကြီးပိုပြီး လုပ်ပေးနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်”ဟု သူက ဆိုပါသည်။

မုန်တိုင်းကျပြီးနောက် များမကြာမီအချိန်မှ စတင်ပြီး ယူနီဆက်သည် မုန်တိုင်းဒဏ်ခံထားရသော လူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် မိလ္လာဆိုင်ရာ ပံ့ပိုးပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် လုပ်ငန်းတူ လုပ်ဆောင်နေသော ဒေသခံများအတွက်လည်း နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို ပေးအပ်လျက်ရှိပါသည်။

မြန်မာပြည်သူများအတွက် ယူနီဆက်၏ ပံ့ပိုးမှုနှင့်တကွ ကယ်ဆယ်ရေးလုပ်ငန်းများကို မည်သို့ မည်ပုံ အရှိန်အဟုန် မြှင့်သွားမည်ဆိုခြင်းကို ဆွေးနွေးတင်ပြရန် ရာအို ဆင်း(ဂ်)သည် ဝန်ကြီးသုံးဦးနှင့် တွေ့ဆုံခဲ့ပါသည်။ ကလေးသူငယ် များအား ခြေရာခံပြီး သူတို့၏သက်ဆိုင်ရာ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးရန် ယူနီဆက်နှင့်တကွ အခြား တွဲဖက်ဆောင်ရွက်နေသူများ၏ အားထုတ်မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးက အားပေးထောက်ခံခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးကလည်း ဝက်သက်ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားရန် ယူနီဆက်အား တိုက်တွန်းအားပေးခဲ့ပါသည်။ ရာအိုဆင်း(ဂ်)သည် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။

**အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ကြပါသည်။**
Kendartanti Subroto ၊ ယူနီဆက် မြန်မာ၊ ဖုန်း (၀၁) ၃၇၅၅၂၇ လိုင်းခွဲ ၁၄၄၁၊ ksubroto@unicef.org
Micahael Bociurkiw ၊ ယူနီဆက် မြန်မာ၊ ဖုန်း (၀၁) ၃၇၅၅၂၇ လိုင်းခွဲ ၁၄၄၃၊ mbociurkiw@unicef.org